ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

ပဉ္စမနေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၁၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၆.၈၈) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ ပဉ္စမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဥ်အတိုင်း ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဥ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၆)။** ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ပြုလုပ်ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဉ္စမနေ့ ၁၆-၂-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးကို တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ (၁) ဦးကျော်သိန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ၊ ကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၄)ရက်။ (၂) ဦးစိုင်းသာစိန်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ၊ ကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၄)ရက်။ (၃) ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့်(၄)ရက်။ (၄) ဦးအောင်သိန်း ၊ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၂)၊ ကျန်းမာရေး မကောင်းပါသဖြင့် ခွင့်(၂)ရက်။ (၅)ဦးဂျေယောဂူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စရှိပါသဖြင့် ခွင့်(၁၄)ရက်။ (၆)ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၂)၊ ဖခင်ဖြစ်သူ၏ နာရေးကိစ္စ ရှိပါသဖြင့် ခွင့်(၄)ရက်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသူ (၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက် မရှိပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။

**အချိန်၊ ၁၀း၀၈။**

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြား သဖြင့် ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၇)ဦး ဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြ ချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စများကိုလည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက် ရေးကော်မတီကို (၁၅)ဦးထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည် စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်း များကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားကြောင်း ရှင်းလင်း တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နိုင်ငံတကာ ဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေးမယ့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း အား ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ဖြစ်ပါတယ်။ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်တွင် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီရဲ့ တာဝန်ဝတ္တရားများကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ များဖြစ်သည့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့နိုင်ငံအရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုရေး၊ နိုင်ငံ အချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းရေးတို့ကို ထိန်းညှိကူညီ ဆောင်ရွက်ရမည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ စာချုပ် စာတမ်းများကို လေ့လာ၍ ပါဝင်ချုပ်ဆိုရန် လိုအပ်လျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ဒေသ အတွင်းရှိ နိုင်ငံတကာ လွှတ်တော်များသို့ ဝမ်းမြောက်ကြောင်း သို့မဟုတ် ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရပါမယ်။ ကုလသမဂ္ဂအဖွဲ့ချုပ်၏ မျက်နှာစာတွင် နိုင်ငံတော်၏ အကျိုးစီးပွားကို ထိခိုက်လာနိုင်သည့် လုပ်ဆောင်ချက်များကို ကြိုတင်ဟန့်တားနိုင်ရေး အတွက် လေ့လာရပါမယ်။ အာဆီယံအသင်းကြီး၏ ပဋိညာဉ်နှင့် မဏ္ဍိုင် သုံးရပ်ဆိုင်ရာ လုပ်ငန်းများ အာဆီယံအသင်းကြီး၏ ပဋိညာဉ်ကို ကျော်လွန်၍ မြန်မာနိုင်ငံအကျိုးစီးပွားကို ထိခိုက်အောင် ဆောင်ရွက်မှုများ ရှိ/မရှိ ကို လေ့လာရပါမယ်။ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ဌာန အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ် ပြဋ္ဌာန်းရန်များ ရှိပါက လွှတ်တော်သို့ တင်ပြရန် ဆောင်ရွက်ရပါမယ်။ နိုင်ငံတကာ ဆက်ဆံရေးနှင့် ပတ်သက်သည့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် လည်းကောင်း ညီညွတ်ဆီလျော်မှု ရှိ၊မရှိ လေ့လာပြီး လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီဆောင်ရွက်ရပါမယ်။ ကုလသမဂ္ဂ အဖွဲ့အစည်း UNDP, UNSECO, UNHCR, UNICEF တို့နဲ့ နိုင်ငံဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုများတွင် ဥပဒေနဲ့ ညီညွတ်ရေး၊ မိတ်ဝတ်မပျက် စဉ်ဆက်မပြတ် ပေါင်းစည်းဆောင်ရွက်နိုင်ရေး ထိန်းညှိပေးရပါမယ်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ဆက်စပ်ပြဿနာများ၊ မိတ်ဖက်ဆောင်ရွက်ချက်များကို လေ့လာ၍ တွေ့ရှိချက်ကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ တင်ပြရပါမယ်။ အမျိုးသားအကျိုးစီးပွားအတွက် ရည်ရွယ်၍ ကမ္ဘာ့နိုင်ငံ များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် နည်းလမ်းသစ်များရှာဖွေခြင်း၊ စုဆောင်းခြင်းနှင့် လွှတ်တော် ဥက္ကဋ္ဌ ခွင့်ပြုချက်ဖြင့် လွှတ်တော်သို့ တင်ပြရပါမယ်။ ကမ္ဘာ့တိုင်းပြည်များတွင် ဖြစ်ပေါ်နေသည့် အခြေအနေများအရ နိုင်ငံတော်ရဲ့ လုံခြုံရေးအား ထိခိုက်လာနိုင်သည့် အလားအလာများကို လေ့လာ

ဆန်းစစ်၍ လွှတ်တော်ဥက္ကဋ္ဌသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရပါမယ်။ အပြည်ပြည်ဆိုင်ရာ လွှတ်တော်များ၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်း တာဝန်များကို Website များမှတစ်ဆင့် လေ့လာမှတ်တမ်းပြုစုထားရှိရပါမယ်။ IPU, AIPA နှင့် အခြား အပြည်ပြည်ဆိုင်ရာ လွှတ်တော်များနှင့် လိုအပ်ပါက ချိတ်ဆက်နိုင်ရန် သက်ဆိုင်ရာကော်မတီများနှင့် ပေါင်းစပ်ဆောင်ရွက်ရပါမယ်။ အပြည်ပြည်ဆိုင်ရာ လွှတ်တော်များနှင့် စပ်လျဉ်းသည့် အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ရက်တိုသင်တန်းများ၊ မြန်မာနိုင်ငံ၌ ကျင်းပလာပါက ကော်မတီဝင်များ အလှည့်ကျ တက်ရောက်ပါဝင်ဆွေးနွေးစေခြင်း၊ အတွေ့အကြုံ ပြန်လည်ရှင်းလင်းစေနိုင်ရန် စီစဉ်ပေးရပါမယ်။ လွှတ်တော်တွင် ဖွဲ့စည်းပြီးဖြစ်သော မြန်မာနှင့် အခြားနိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းများနှင့် ပေါင်းစပ်လုပ်ကိုင်ရန် ညှိနှိုင်းရပါမယ်။ ကော်မတီဝင်များအတွက် နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာများကို အကျွမ်းတဝင်ရှိစေရန် စီစဉ်ဆောင်ရွက်ရပါမယ်။ လွှတ်တော်ဥက္ကဋ္ဌက ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များ ဆောင်ရွက်ရပါမယ်။

ဆက်လက်ပြီး ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပါမယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်း UN လက်အောက်ခံအဖွဲ့အစည်းများဖြစ်သော UNDP, UNSECO, UNHCR, UNICEF စသော အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက တွေ့ဆုံခွင့်ပြုရန် တင်ပြလာပါက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြ၍ လက်ခံတွေ့ဆုံနိုင်ရေး ဆောင်ရွက်ပေးရပါမယ်။ အာဆီယံအဖွဲ့အစည်း၏ ရည်ရွယ်ချက်၊ အခြေခံမူများနှင့်အညီ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံ လွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်ပေးရပါမယ်။ သမားရိုးကျနှင့် သမားရိုးကျ မဟုတ်သည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် နယ်စပ်ဖြတ်ကျော်မှုများအား ထိရောက်စွာ စုပေါင်းတုံ့ပြန်ရန်နှင့် (Comprehensive Security) ရရှိရေး၊ နိုင်ငံအချင်းချင်း ပွင့်ပွင့်လင်းလင်း ထင်သာမြင်သာရှိအောင် ဆက်ဆံဆောင်ရွက်ပေးရပါမယ်။ နိုင်ငံတော်နှင့် ပြည်သူတို့၏ အမျိုးသားအကျိုးစီးပွား ထိခိုက်စေနိုင်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ဆက်ဆံရေး စသည့်အခြေအနေများအား စဉ်ဆက်မပြတ် လေ့လာတင်ပြရပါမယ်။ Diplomacy is the first line of defences ဟု ဆိုသည့်အတိုင်း နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် လွှတ်တော်၏ သံတမန်ဆက်ဆံရေးစွမ်းအား ပိုမိုဖြန့်ကျက်နိုင်ရေး ကမ္ဘာ့နိုင်ငံအားလုံး၏ လွှတ်တော်များက ထောက်ခံကူညီ ပံ့ပိုးမှုရရှိစေရေးအတွက် သံတမန်နည်းလမ်းဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် မျက်နှာစာ ပိုမိုကျယ်ပြန့်ကြီးမာလာအောင် စဉ်ဆက်မပြတ် စည်းရုံးဆက်ဆံသွားရပါမယ်။ လွှတ်တော်အချင်းချင်း ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးတိုးမြှင့်ရန် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ဆောင်ရွက်ရပါမယ်။ အပြည်ပြည်ဆိုင်ရာလွှတ်တော်များ၏ အရေးပါသည့် ပြောင်းလဲကျင့်သုံးမှုများ ထူးခြားဖြစ်စဉ်များအား လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြပေးရပါမယ်။

ရပိုင်ခွင့်နှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြပါမယ်။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိပါတယ်။ ဒါ့အပြင် ကော်မတီဝင်များဟာ ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေး

ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြား ဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိပါတယ်။ ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့် ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် စသည့်အခွင့်အရေးများလည်း ရှိပါတယ်။ သက်တမ်းမှာ ကော်မတီ၏ သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ပါက ကော်မတီအမည် ပြင်ဆင်ခြင်း၊ ကော်မတီဝင်များသို့ သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းမှာ ဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ အားလည်းကောင်း တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းများကတော့ -

| | | |
|---|---|---|
| (၁) | ဦးဂျေယောဝူ | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁ ) |
| (၂) | ဦးခွန်သိန်းဖေ | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၉ ) |
| (၃) | ဦးမောင်မောင်လတ် | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၉ ) |
| (၄) | ဒေါ်နန်းမိုးမိုးထွေး | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၄ ) |
| (၅) | ဦးဇော်ဟိန်း | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၇ ) |
| (၆) | ဒေါက်တာဝင်းမြင့် | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၁၁ ) |

(၇) ဦးချစ်ထွေး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၃ )

(၈) ဦးရဲမြင့်စိုး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၇ )

(၉) ဦးစခင်ဇော်လင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၂ )

(၁၀) ဦးစိုင်းအုန်းကျော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၄ )

(၁၁) ဦးနိုင်ကိုကို ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၂ )

(၁၂) ဦးဖေတင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၆ )

(၁၃) ဗိုလ်မှူးဇဝန တပ်မတော်သားကိုယ်စားလှယ်

တို့ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာ ကိစ္စများကိုလည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော် ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ် ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ဆိုင်ရာကော်မတီကို(၁၅)ဦး ထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာ တင်ပြပြီး အတည်ပြုချက် ရယူ ဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အစိုးရ မဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေးမယ့် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်းပြီး ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦး အား ရှင်းလင်း တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)။** ။လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦး ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းမယ့် အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများဆိုင်ရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နဲ့ စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်း တင်ပြ သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီရဲ့ တာဝန် ဝတ္တရားများကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ အရ လွှတ်တော်ကို တာဝန်ခံရပါမယ်။ ကော်မတီသည် နိုင်ငံတော်အတွင်း ဖွဲ့စည်း ဆောင်ရွက်နေကြသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ NGO၊ ပြည်ပ အဖွဲ့အစည်းများ INGO တို့နဲ့ ပတ်သက်၍ သိသင့်သိထိုက်သော အခြေအနေနှင့် အရေးကြီးသော အနေအထားတို့အပေါ် မူတည်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများ ပြုစုတင်ပြရပါမယ်။ လွှတ်တော်ဥက္ကဋ္ဌက လိုအပ်၍ဖြစ်စေ၊ သင့်တော်၍ဖြစ်စေ၊ လေ့လာစေသော သို့မဟုတ် ဆောင်ရွက်စေသော အထူးကိစ္စရပ် များကိုလည်း ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်၍ သတ်မှတ်သည့်အတိုင်း အစီရင်ခံစာများ ပြုစုတင်ပြရပါမယ်။ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်တွင် တင်သွင်းသင့်ကြောင်း မှတ်ချက်ပြုသော အစီရင်ခံစာပါအကြောင်းအရာနဲ့ ပတ်သက်၍ အသေးစိတ် ပြန်လည်ပြုစုပြီး ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၃ ပါ လွှတ်တော်အစည်းအဝေး၌ ဆောင်ရွက်ရမည့် ကိစ္စရပ်ဖြစ်သည့် လွှတ်တော်သို့တင်သွင်းမည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ရန် စနစ်တကျ တင်သွင်းရပါမယ်။

ကော်မတီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း ပုဒ်မ ၃၅၄ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည့် အခွင့်အရေးများအနက် ပုဒ်မခွဲ(ဂ)ပါ အချက်ကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့် ရရှိစေရန် အလေးထား ကူညီဆောင်ရွက်ရ ပါမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ

စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနဲ့ မဆန့်ကျင်လျှင် အောက်ဖော်ပြပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာဖော်ထုတ် ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ လက်နက်မပါဘဲ ငြိမ်းချမ်းစွာစုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်၊ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိရန် အထက်ဖော်ပြပါ ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ရာတွင် နိုင်ငံသားများအနေနှင့် လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်မရရှိခြင်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လုပ်ငန်းဆောင်ရွက်ရန် အခက်အခဲရှိနေခြင်း စသောကိစ္စရပ်များတွင် အခြေအနေ အရပ်ရပ်အား လေ့လာ၍သုံးသပ်ချက် ထင်မြင်ယူဆချက်များနှင့်တကွ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရပါမယ်။

ထို့အပြင် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းတစ်ခုခုသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ထိပါးစေနိုင်သည့် ဆောင်ရွက်ချက်များနှင့် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသောဥပဒေများနှင့်ဆန့်ကျင်၍ ပြုလုပ်ဆောင်ရွက်နေမှုများကို လေ့လာတွေ့ရှိရပါက ပဏာမ လေ့လာတွေ့ရှိချက်များကို လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာ တင်ပြရပါမယ်။ ကော်မတီသည် အခြားနိုင်ငံလွှတ်တော်များတွင် NGO နှင့် INGO များနှင့် ပတ်သက်၍ ကော်မတီ ကော်မရှင်အဖွဲ့ စသည်ဖြင့် ဖွဲ့စည်းဆောင်ရွက်ပုံများကို လေ့လာ၍ တွေ့ရှိချက်များအား လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြသွားရမှာဖြစ်ပါတယ်။ ကော်မတီသည် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဝန်ကြီးဌာနများနှင့် လိုအပ်သလို ဆက်သွယ်၍ တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ စာရင်းနှင့်အချက်အလက်များကို လေ့လာစုဆောင်း ပြုစုရပါမယ်။ အဆိုပါ အဖွဲ့အစည်းအသင်းအဖွဲ့များနှင့် ဆက်သွယ်နိုင်မည့် နည်းလမ်းများနဲ့ လမ်းကြောင်းများဆိုင်ရာ အချက်အလက်များကိုလည်း ရယူပြုစုထားရပါမယ်။ ပြည်တွင်းပြည်ပတို့မှ အစိုးရနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများအား အမျိုးအစားနှင့် လုပ်ငန်းများအလိုက်ခွဲခြား၍ စာရင်းဇယားများပြုစုထားပြီး ၎င်းတို့ ရည်ရွယ်ချက်၊ ရည်မှန်းချက် တာဝန်၊ လုပ်ငန်းဆောင်ရွက်ပုံနှင့် အောင်မြင်မှုရှိ/မရှိ အခြေအနေများကို လေ့လာသုံးသပ်၍ မှတ်တမ်းများ ပြုစုထားရပါမယ်။ မှတ်တမ်းများအား လွှတ်တော် ဥက္ကဋ္ဌက တောင်းခံသည့်အခါ စနစ်တကျ တင်ပြရပါမယ်။

ဆက်လက်ပြီး ကော်မတီ၏ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြသွားပါမယ်။ ကော်မတီသည် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်သည့် တာဝန်ရှိသူများကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါတယ်။ ထို့အပြင် ကော်မတီသည် အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သောပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ လိုအပ်သည့် ပြည်တွင်းနေရာဒေသ အသင်းအဖွဲ့ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် အစိုးရရုံးဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်း ရုံးဌာနများသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ပါတယ်။ ထိုသို့ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ရန်အတွက်

လွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်သည်များကို ကြိုတင်ညှိနှိုင်း တင်ပြပြီး လွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရပါမယ်။ နိုင်ငံတော်အစိုးရက ဖွဲ့စည်းထားသော လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူ့အခွင့်အရေး အစရှိသည့် လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်းများသို့လည်း တာဝန်နဲ့ ဆက်စပ်မှုရှိပါက သွားရောက်လေ့လာ နိုင်ပါတယ်။ မေးမြန်းဆွေးနွေးနိုင်ပါတယ်။

ကော်မတီ၏လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲ စီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်တကွ ပြည့်စုံစွာပြုစုတင်ပြရပါမယ်။ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်း များနဲ့ပတ်သက်၍ ကော်မတီသည် လွတ်လပ်သောတွေ့ဆုံဆွေးနွေးခြင်း၊ အခက်အခဲနှင့်လိုအပ်ချက်များ မေးမြန်းခြင်း၊ ဥပဒေနှင့်ညီညွတ်သော အကြံဉာဏ်များပေးခြင်း၊ လုပ်ငန်းတိုးတက်အောင်မြင်မှု ရှိစေ ရေးအတွက် လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ပါတယ်။

အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနဲ့ပတ်သက်၍ မိမိက ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်သည်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ၍ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ လွှတ်တော်ရုံး၏ အစီအစဉ်ဖြင့်သာ တရားဝင် ဆောင်ရွက်ခွင့်ရှိပါတယ်။ အစိုးရ မဟုတ်သော ပြည်ပအဖွဲ့အစည်းများက ကော်မတီ သို့မဟုတ် ကော်မတီဝင်များထံသို့ ဆက်သွယ်လာ လျှင် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ၍ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်း၊ သတင်း ထုတ်ပြန်ခြင်းပြုလုပ်နိုင်ပါတယ်။ အကယ်၍ လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြရန် အချိန်မမီပါက တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုများကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နှင့်တစ်ပြေးညီ တင်ပြရပါမယ်။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးဆောင်ရွက် ချက်များအား အရေးပါမှုဦးစားပေးအလိုက် လွှတ်တော်ဥက္ကဋ္ဌထံသို့ အစီရင်ခံစာများကို ပြုစုတင်ပြ သွားရပါမယ်။

ရပိုင်ခွင့်နှင့် စပ်လျဉ်းပြီး ဆက်လက်တင်ပြသွားပါမယ်။ ကော်မတီဝင်များသည် ကော်မတီ လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံး စိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏တာဝန် ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါသည်။ ဒ့ါအပြင် ကော်မတီဝင်များဟာ ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေး ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိပါတယ်။ ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေး များသို့ တက်ရောက်ခွင့်ရှိခြင်း စသည့်အခွင့်အရေးများလည်း ရှိပါတယ်။

နိဂုံးချုပ်အနေဖြင့် ကော်မတီ၏သက်တမ်းကို တင်ပြပါမယ်။ ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လွှတ်တော်ဥက္ကဋ္ဌက လိုအပ်ပါက ကော်မတီ အမည်ပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်သို့ လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီတွင် ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့ အရ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ ဆိုင်ရာကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာပြည့်ဖြိုး အားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွား မည်ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

| | | |
|---|---|---|
| (၁) | ဦးရွေးရယ်ရှုမောင် | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်( ၂ ) |
| (၂) | ဒေါ်နော်ဆာမူထူး | ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) |
| (၃) | ဦးတင်အောင်ထွန်း | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၅ ) |
| (၄) | ဒေါ်မြတ်သီတာထွန်း | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၅ ) |
| (၅) | ဦးတင်မောင်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) |
| (၆) | ဦးစိုးသိန်း(ခ)ဦးမောင်စိုး | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) |
| (၇) | ဦးမျိုးဝင်း | မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၈ ) |
| (၈) | ဦးညီညီထွေး(ခ)ဦးကိုကိုလေး | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) |
| (၉) | ဦးခင်မောင်လတ် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၃ ) |
| (၁၀) | ဒေါ်ရွှေရွှေစိန်လတ် | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၃ ) |

(၁၁) ဦးစိုင်းဝမ်းလှိုင်းခမ်း ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၃ )

(၁၂) ဦးစိုးအောင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၁၁ )

(၁၃) ဒုတိယဗိုလ်မှူးကြီးကျော်စံဦး တပ်မတော်သားကိုယ်စားလှယ်

တို့ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ လွှတ်တော်သည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကိုလည်း လေ့လာတင်ပြစေရန် လိုအပ်ပါက လွှတ်တော်ကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။

ဒါကြောင့် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို (၁၅)ဦးထက်မပိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ်ပါဝင်သင့်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အမည်စာရင်း၊ ကော်မတီကို တာဝန်ယူဦးဆောင်မယ့် ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို လွှတ်တော်မှာတင်ပြပြီး အတည်ပြုချက်ရယူဖွဲ့စည်းရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းခြင်းနဲ့ တစ်ဆက်တည်းမှာပဲ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ကော်မတီရဲ့ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နဲ့ သက်တမ်းများကို လွှတ်တော်က သတ်မှတ်ပေးရန် လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းရန် လျာထားကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်က သတ်မှတ်ပေးမယ့် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ကော်မတီဝင်များရဲ့ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း အား ရှင်းလင်း တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက် အရ အမျိုးသားလွှတ်တော်မှာ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး အသေးစိတ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီရဲ့ တာဝန်ဝတ္တရား တွေကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီဟာ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီလုပ်ငန်းတွေ စောင့်ရှောက်ထိန်းသိမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ကူညီဆောင်ရွက် ပေးရပါမယ်။ ပြည်သူတို့ရဲ့ကျန်းမာရေး တိုးတက်စေရေးအတွက် အလေးထား ဆောင်ရွက်ရပါမယ်။ ပြည်သူတို့ရဲ့ကျန်းမာရေးမှာ တိုင်းရင်းသားပြည်သူများက ပါဝင်ဆောင်ရွက်နိုင်ဖို့ လိုအပ်မယ့် ဥပဒေ ပြဋ္ဌာန်းရန်ရှိပါက လေ့လာပြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရပါမယ်။ ပြည်သူ တွေရဲ့ ဆေးကုသမှုစရိတ်သက်သာစေရေးအတွက် ကျန်းမာရေးအာမခံစနစ်နဲ့ တခြားအစီအမံတွေကို ချမှတ်အကောင်အထည်ဖော်နိုင်ဖို့ ကူညီဆောင်ရွက်ပေးရပါမယ်။ အဓိကအားဖြင့် အသက်ကယ် ဆေးများ လုံလောက်ရေးနဲ့ ကုသမှုဆိုင်ရာ ပစ္စည်းကိရိယာတွေ ပြည့်စုံလုံလောက်မှုရှိစေဖို့ ကူညီ ဆောင်ရွက် ပေးရပါမယ်။ ပြည်နယ်/တိုင်း၊ ခရိုင်အဆင့်ရှိတဲ့ ဆေးရုံတွေရဲ့ ကုသရေးကဏ္ဍကို တိုးချဲ့ အဆင့်မြှင့်တင်ဖို့ ကူညီဆောင်ရွက်ပေးရပါမယ်။ ပတ်ဝန်းကျင်ကျန်းမာရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနဲ့ ကပ်ရောဂါတွေကို ထိရောက်စွာ ကာကွယ်ထိန်းချုပ်ရေးတို့ကို လေ့လာသုံးသပ်အကြံပြုပေးရပါမယ်။ ကျန်းမာရေး သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို ပိုမိုကောင်းမွန်စေဖို့ ကူညီဆောင်ရွက်ပေး ရပါမယ်။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သုတေသနတွေ ဆောင်ရွက်နိုင်ဖို့ ကူညီဆောင်ရွက်ပေး ရပါမယ်။ သက်ဆိုင်ရာနယ်ပယ်သီးသီးမှာ ဌာနအဖွဲ့အစည်းတွေက ကျင့်သုံးလျက်ရှိတဲ့ ဥပဒေတွေကို လေ့လာပြီးပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်တွေရှိရင် လွှတ်တော်ကို တင်ပြရ ပါမယ်။ တည်ဆဲဥပဒေများနဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေက အခါအားလျော်စွာထုတ်ပြန်တဲ့ အမိန့်၊ ညွှန်ကြားချက်များဟာ လက်ရှိအခြေအနေနဲ့ ညီညွတ်ဆီလျော်နိုင်ရင် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရာမှာ စောင့်ကြည့်ထိန်းညှိ ကူညီရပါမယ်။

ဆက်လက်ပြီးကော်မတီရဲ့ လုပ်ပိုင်ခွင့်များကို ရှင်းလင်းတင်ပြပါမယ်။ ကော်မတီဟာ မိမိရဲ့ တာဝန်တွေကို ဆောင်ရွက်ရာမှာ အစိုးရနဲ့ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းတွေက တာဝန် ရှိသူများကိုလည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းတွေမှ ဖြေကြားနိုင်တဲ့ တာဝန်ရှိပုဂ္ဂိုလ်များကို လည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါတယ်။ ကော်မတီသည် အဖွဲ့ခွဲလို့ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့်ဖြစ်စေ၊ ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ၊ ကျန်းမာရေးဆိုင်ရာကိစ္စများနှင့်စပ်လျဉ်းပြီး၊ လိုအပ်တဲ့ ဒေသများကို လွှတ်တော်ရုံးရဲ့စီစဉ်မှုနဲ့ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ပါတယ်။ နိုင်ငံတော်အတွင်း ဖွဲ့စည်းထားရှိတဲ့ ကျန်းမာရေးနဲ့သက်ဆိုင်သော အသင်းအဖွဲ့၊ အစည်းအရုံး၊ ကော်မတီအဖွဲ့အစည်း များကို သွားရောက်လေ့လာနိုင်ပါတယ်။ မေးမြန်းဆွေးနွေးနိုင်ပါတယ်။ အစိုးရနဲ့ အစိုးရမဟုတ်တဲ့

ပြည်တွင်းအဖွဲ့အစည်းတွေက ကော်မတီ သို့မဟုတ် ကော်မတီဝင်ထံသို့ ဆက်သွယ်လာရင် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နှင့်အညီ လက်ခံတွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း သတင်းထုတ်ပြန်ခြင်း ပြုလုပ်နိုင်ပါတယ်။ ကော်မတီဟာ လုပ်ငန်းနဲ့ပတ်သက်ပြီး ဆက်စပ်သက်ဆိုင်တဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ တာဝန်ရှိသူများကို လွှတ်တော်ရုံးကတစ်ဆင့် ဖိတ်ကြားဆွေးနွေးမှု ပြုလုပ်နိုင်ပါ တယ်။ ကော်မတီဟာ လုပ်ငန်းနဲ့ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲ Work shop စာတမ်းဖတ်ပွဲတွေကို လွှတ်တော်အုပ်ချုပ်မှု မူဝါဒဆိုင်ရာလုပ်ငန်းညှိနှိုင်းရေးအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ စီမံဆောင်ရွက်နိုင်သလို တခြားဌာနဆိုင်ရာနဲ့ အဖွဲ့အစည်းတွေကပြုလုပ်တဲ့ အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း တက်ရောက်နိုင်ပါတယ်။

မြန်မာ့ယဉ်ကျေးမှုနဲ့ အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး၊ လူငယ်ထုအတွင်း စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ရေးတို့ကို ကူညီဆောင်ရွက်ရပါမယ်။ ကော်မတီဟာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခြင်း၊ အကြံဉာဏ် ပေးခြင်း၊ အကြံဉာဏ်များ ရယူခြင်းတို့ကို ပေါင်းစပ်ညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်ပါတယ်။ ကော်မတီဟာ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ပတ်သက်ပြီး၊ ဆက်သွယ်ဆောင်ရွက်လိုရင်ဖြစ်စေ၊ သွားရောက်လေ့လာနိုင်ရန်ဖြစ်စေ လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ စီစဉ်ဆောင်ရွက်ခွင့် ရှိပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကို တင်ပြဖို့ အချိန်မလုံလောက်ရင် ဆောင်ရွက်ချက်များကို လွှတ်တော်ဥက္ကဋ္ဌအား အချိန်နဲ့တစ်ပြေးညီ တင်ပြရမှာ ဖြစ်ပါတယ်။

ရပိုင်ခွင့်နဲ့စပ်လျဉ်းပြီး ဆက်လက် တင်ပြပါမယ်။ ကော်မတီဝင်များဟာ ကော်မတီလုပ်ငန်း တာဝန်ကို ဆောင်ရွက်ဖို့၊ ဒါမှမဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ဖို့၊ ကော်မတီရုံးစိုက်ရာ ဒေသမှာ ရောက်ရှိနေစဉ်မှာလည်းကောင်း၊ ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ရဲ့တာဝန်ပေးချက်အရ ခရီး သွားလာရာ၌လည်းကောင်း၊ ယင်းတို့နဲ့သက်ဆိုင်သည့် ချီးမြှင့်ငွေနဲ့စရိတ်များ သက်ဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိတဲ့အပြင် လွှတ်တော်ကသတ်မှတ်တဲ့ ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိပါ တယ်။ ဒါ့အပြင် ကော်မတီဝင်များဟာ ကော်မတီအစည်းအဝေးတွေကို တင်ပြဆွေးနွေးချက်များနဲ့ စပ်လျဉ်းပြီး လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲတခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းက ကင်းလွတ်ခွင့် ရှိပါတယ်။ ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း ဥက္ကဋ္ဌရဲ့ ကြိုတင်ခွင့်ပြု ချက်မရှိဘဲ ဖမ်းဆီးခံရခြင်းက ကင်းလွတ်ခွင့် ရှိပါတယ်။ ပြစ်မှုတစ်ရပ်ရပ်နှင့် ဖမ်းဆီးခြင်းခံရရင် ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ ကော်မတီအစည်းအဝေးတွေကို တက်ရောက်ခွင့် စတဲ့အခွင့်အရေးများလည်း ရှိပါတယ်။

ကော်မတီရဲ့ သက်တမ်း(၁)နှစ်ပြည့်မြောက်တဲ့အခါတိုင်း ပြန်လည်သုံးသပ်ပြီးလွှတ်တော် ဥက္ကဋ္ဌက လိုအပ်ရင် ကော်မတီပြင်ဆင်ခြင်း၊ ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။(ညြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင်ပါဝင်သင့်သည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့အရ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီကို လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီမှာ ပါဝင်သင့်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြပါ့မယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို (၁၅)ဦးနဲ့ ဖွဲ့စည်းမှာဖြစ်ပြီး ကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် အားလည်းကောင်း တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်။

အဖွဲ့ဝင်များရဲ့ အမည်စာရင်းကတော့ -

| | | |
|---|---|---|
| (၁) | ဦးဝင်းဇော် | ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်( ၇ ) |
| (၂) | ဒေါ်လွီးဇာ | ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်( ၆ ) |
| (၃) | ဦးဌေးတင်း | ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်( ၁၁ ) |
| (၄) | ဦးလှဦး | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၄ ) |
| (၅) | ဒေါက်တာလင်းဝေဖြိုးလတ် | တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်( ၅ ) |
| (၆) | ဒေါက်တာစန်းမောင်မောင် | ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) |
| (၇) | ဒေါက်တာကျော်ငွေ | မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀ ) |
| (၈) | ဒေါက်တာကျော်သန်းထွန်း | မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) |
| (၉) | ဦးမြင့်နိုင် | ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) |
| (၁၀) | ဦးစိုင်းဝမ်းလှိုင်းခမ်း | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) |
| (၁၁) | ဦးမိုင်းအုဏ်းခိုင် | ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) |
| (၁၂) | ဒေါက်တာပြည့်ဖြိုး | ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) |
| (၁၃) | ဗိုလ်မှူးဇော်ထွန်း | တပ်မတော်သားကိုယ်စားလှယ် |

တို့ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ ရပ်နားကြောင်းနှင့် ဆဋ္ဌမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပဥ္စမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ၁၀း၅၂ နာရီ အချိန်တွင် ရပ်နားပါသည်။]